# မူလဝင်ငွေအခြေအနေသို့ ပြန်လည်ရောက်ရှိစေရေး အစီအစဉ်
# သီလဝါ
## Income Restoration Program inThilawa

### သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီမှ ဥက္ကဌနှင့် ပြောင်းရွှေ့လူထုကိုယ်စားလှယ်များတွေ့ဆုံခြင်း (၂၀၁၆ခုနှစ်၊ ဧပြီလ ၁ရက်)



သီလဝါ အထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှု ကော်မတီမှ ဥက္ကဌဖြစ်သူ ဦးဆက်အောင် နှင့် ပြောင်းရွှေ့လူထုတို့ ဧပြီလ ၁ရက်နေ့တွင် တွေ့ဆုံခဲ့ပါသည်။ ယင်းသို့ တွေ့ဆုံရန် IRP ကျွမ်းကျင်ပညာရှင်အဖွဲ့ (JICA) နှင့် IRP ၏ ကြားခံ စေ့စပ်ညှိနှိုင်းသူတို့မှ စီစဉ်ပေးခဲ့ပါသည်။ ဒေသခံများနှင့် အစိုးရ အကြား ရင်းနှီးပွင့်လင်းစွာဆွေးနွေးလာနိုင်ရန် ရည်ရွယ်ပါသည်။ လူထုဘက်မှလည်း ထိုသို့တွေ့ဆုံမှုကို ကြိုဆိုကြပါသည်။ ဥက္ကဌဘက်မှလည်း ဒေသခံများနှင့် တိုက်ရိုက်တွေ့ဆုံလိုကြောင်း၊ ဒေသခံများ၏အသံကို နားထောင် ရခြင်းမှာ ပြောင်းရွှေ့လူထုအတွက် လိုအပ်သည့်အရာများကို ကူညီလုပ်ဆောင်ရာတွင် အရေးပါကြောင်း ပြောသွားပါသည်။

### Meeting with Chair of Thilawa Special Economic Zone Management Committee and Relocated People (1 April 2016)



The Chairperson of Thilawa SEZ Management Committee (TSMC), Mr. Set Aung, visited at relocation site and had discussion with relocated people on April 1, 2016. A Mediator of IRP and IRP Expert Team (JICA) assisted the discussion. The objective of this meeting was to promote a dialogue between relocated people and government side. People welcomed to have a discussion with the Chair. The Chair also expressed that he's willing to have opportunities to talk with and listen to people directly, so that it helps him grasp what needs to be done for affected people.

### ပြန်လည်နေရာချထားရေးနေရာမှ လူထုအတွက်ယာယီ ရေလှောင်ကန် နှစ်ခု ဆောက်လုပ်ပေးခြင်း (၂၀၁၆ ဧပြီလ ၇ရက်)





ပြန်လည်နေရာချထားရေး နေရာမှ ပြောင်းရွှေ့လူထုအများစုနှင့် ပြုလုပ်ခဲ့သော အစည်းအဝေးရလဒ်အရ အခိုက်အတန့် ရေပြဿနာ ဖြေရှင်းနိုင်ရန် ယာယီရေလှောင်ကန် နှစ်ခုကို ပြုလုပ်ပေးခဲ့ပါသည်။ ပစ္စည်းကိရိယာများနှင့် အလုပ်သမားများကို ရွှေမှော်ဝန်း (CSO)မှ ကူညီ စီစဉ်ခဲ့ပါသည်။ နေ့စဉ် ရေစုပ်တင်ခြင်းနှင့် ရေဖြန့်ဝေခြင်းကိစ္စများကို ဒေသခံများ ကိုယ်တိုင် တာဝန်ယူလုပ်ဆောင်ပါသည်။

### Implementing the two Temporary Water Reservoirs for Community People (7 April 2016)





Two temporary water reservoirs have been installed for relocation site according to the result from participatory meeting with community people in order to solve the shortage of water in summer as temporal countermeasure. Shwe Hmaw Wun (CSO) supported community to assure the material and workers to construct these reservoirs. Community people took responsibility for managing water reservoirs.

Thilawa Resettlement IRP Technical Assistance Team, Address: Corner of Thilawa Development Road & Dagon – Thilawa Road,Thilawa SEZ, Thanlyin Township, Email: irp_information@irpthilawa.com , Phone Number: +959779623649